ACC Against COVID-19



အစီအစဉ် (၃၃)

COVID–19 နှင့်ဥပဒေဖဟုသုတ

တင်ပြသူ

ဦးဟန်ညွှန့်(ဥပဒေ)

COVID-19 ကာလတွင် သိရှိလေ့လာသင့်သော ရာဇသတ်ကြီးပါ ဥပဒေပြဋ္ဌာန်းချက်များကို မူရင်းအတိုင်း ဖတ်ရှုလေ့လာနိုင်ရန် အောက်ပါအတိုင်း ကောက်နုတ်တင်ပြအပ်ပါသည်-

ရာဇသတ်ကြီး

အသက်အန္တရာယ် ဖြစ်စေတတ်သည့် ကူးစက်တတ်သော ရောဂါမျိုး ပြန့်ပွားစေတန်ရာသည့် ပေါ့လျော့မှု(Negligent act)



ပုဒ်မ၂၆၉။ မည်သူမဆို အသက်အန္တရာယ် ဖြစ်စေတတ်သည့် ကူးစက်တတ်သော ရောဂါမျိုး ပြန့်ပွားစေ တန်ရာသော သို့တည်းမဟုတ် ထိုသို့ ပြန့်ပွားစေတန်ရာသည်ကို မိမိသိသော သို့တည်းမဟုတ် ထိုသို့ ယုံကြည်ရန် အကြောင်းရှိသော ဥပဒေနှင့် ဆန့်ကျင်မှုကိုသော်လည်းကောင်း၊ ပေါ်လျှောမှုကို သော်လည်းကောင်း ပြုလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(က) ပုဒ်မ ၂၆၉ အနှစ်သာရ

- ဤပုဒ်မမှာ အသက်အန္တရာယ် ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါကို ပြန့်ပွားအောင် ဥပဒေနှင့် ဆန့်ကျင်ပြုလုပ်မှု သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်မှုအတွက် ပြစ်ဒဏ်ဖြစ်သည်။

(ခ) ရာဇဝတ်ကျင့်ထုံး ၉ယား–၂

- ပုဒ်မ ၂၆၉ မှာ ရဲအရေးပိုင်သည်။ ဦးစွာ သမ္မန်စာ ထုတ်ဆင့်ရသည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။ **မည်သည့်တရားသူကြီးကမဆို** စစ်ဆေးစီရင်နိုင်သည်။
- (ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ အမှတ် ၁၆/၂၀၁၆)

အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သော ရောဂါမျိုးပြန့်ပွားစေတန်ရာသည့် ဘေးသင့်စေမှု (Malignant act)

ပုဒ်မ ၂၇၀။ မည်သူမဆို အသက်အန္တရာယ် ဖြစ်စေတတ်သည့် ကူးစက်တတ်သော ရောဂါမျိုး ပြန့်ပွားစေတန်ရာသော သို့တည်းမဟုတ် ထိုသို့ ပြန့်ပွားစေတန်ရာသည်ကို မိမိသိသော သို့တည်းမဟုတ် ထိုသို့ ယုံကြည်ရန် အကြောင်းရှိသော ဘေးသင့်စေမှုကိုပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က) ပုဒ်မ ၂၇၀ အနှစ်သာရ

- ဤပုဒ်မသည် ပုဒ်မ ၂၆၉ နှင့် သဘောချင်းတူပြီး ပုဒ်မ ၂၆၉ မှာ ကူးစက်တတ်သောရောဂါကို ပြန့်ပွားအောင် ဥပဒေနှင့်ဆန့်ကျင်၍ ပြုလုပ်မှု သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်မှုဖြစ်ပြီး ဤပုဒ်မ ၂၇၀ မှာ အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါ ပြန့်ပွားမည်ကို သိလျက်နှင့်ဘေးသင့်စေမှုအတွက် ပြစ်ဒဏ် ဖြစ်သည်။

(ခ) ရာဇဝတ်ကျင့်ထုံး ဇယား-၂

- ပုဒ်မ ၂၇၀ မှာ ရဲအရေးပိုင်သည်။ ဦးစွာ သမ္မန်စာ ထုတ်ဆင့်ရသည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။ မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင်နိုင်သည်။ (ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၁၆/၂၀၁၆)

ကူးစက်တတ်သော ရောဂါကာကွယ်ရေး (ကွာရန်တင်း (Quarantine)) နည်းဥပဒေကို ဖီဆန်ခြင်း

ပုဒ်မ ၂၇၁။ ရေယာဉ်တစ်ခုခုကို ကူးစက်တတ်သော ရောဂါ ပြန့်ပွားခြင်းမှ ကာကွယ်ရန် သီးသန့်ချထားရေးအတွက် ဖြစ်စေ၊ ထိုသို့ သီးသန့်ချထား ရေယာဉ်များကို ဆိပ်ကမ်းနှင့်သော်လည်းကောင်း၊ အခြားရေယာဉ်များနှင့် သော်လည်းကောင်း ကူးလူးဆက်ဆံမှုကို စည်းမျဉ်းသတ်မှတ်ရေးအတွက်ဖြစ်စေ၊ ကူးစက်တတ်သောရောဂါ ဖြစ်ပွားသည့်နေရာများနှင့် အခြားနေရာများ ကူးလူးဆက်ဆံမှုကို စည်းမျဉ်းသတ်မှတ်ရေး အတွက်ဖြစ်စေ၊ အစိုးရကပြုလုပ်၍ ထုတ်ပြန် ကြေညာထားသော နည်းဥပဒေကို မည်သူမဆို သိလျက်နှင့် ဖီဆန်လျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က)ပုဒ်မ ၂၇၁ ပြင်ဆင်ချက်

ဤပုဒ်မတွင် မူလကပါရှိခဲ့သော “ Government of India or by any” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ခဲ့သည်။ (The Government of Burma (Adaptation of Laws) Order,1937)

(ခ) ပုဒ်မ ၂၇၁ အနှစ်သာရ

- ✓ ဤပုဒ်မမှာ ကူးစက်တတ်သော ရောဂါကာကွယ်ရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အစိုးရက ထုတ်ပြန်သည့်အမိန့်, ညွှန်ကြားချက်ကို ဖောက်ဖျက်မှုဖြစ်သည်။
- ✓ ဆိပ်ကမ်းနှင့် ရေယာဉ်များတွင် ကူးစက်ရောဂါကာကွယ်ရေးအတွက် ၁၉၀၈ ခုနှစ်၊ ဆိပ်ကမ်းများ အက်ဥပဒေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (အမှတ်၂၁/၂၀၁၅)အရ လည်းကောင်း၊ ကူးစက်ရောဂါများအက်ဥပဒေ(The Epidemic Diseases Act) ကို ရုပ်သိမ်းပြီးအသစ်ပြဋ္ဌာန်းသည့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ (အမှတ်၁/၉၅) အရလည်းကောင်း ထုတ်ပြန်သည့် နည်းဥပဒေများ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင် အဆိုပါ ဥပဒေများတွင် သီးခြားပြဋ္ဌာန်းမထားပါက ဤပုဒ်မ ၂၇၁ အရ အရေးယူနိုင်မည်ဖြစ်သည်။
- ✓ ပြည်သူ့ဝန်ထမ်းက ပုဒ်မ ၁၈၈ အရ ထုတ်ပြန်သည့် အများပြည်သူနှင့် သက်ဆိုင်သော အမိန့်ကို ဖီဆန်ခြင်းသည် ယင်းပုဒ်မ ၁၈၈ အရ ပြစ်မှုမြောက်သည်။

(ဂ) ရာဇဝတ်ကျင့်ထုံး ဇယား-၂

- ပုဒ်မ ၂၇၁ မှာ ရဲအရေးမပိုင်၊ ဦးစွာ သမ္မန်စာ ထုတ်ဆင့်ရသည်။ အာမခံပေးရမည်။ ကျေအေးခွင့် မရှိ။ မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင်နိုင်သည်။ (ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၁၆/၂၀၁၆)

(ဥပဒေဗဟုသုတများ ဆက်လက်တင်ပြပါမည်။)

ရည်ညွှန်းကိုးကားချက်

(၁) ရာဇသတ်ကြီး (၁၈ဖခ)

(၂) ရာဇသတ်ကြီးဋီကာ(ဦးကျော်စိန်)